ndis

# ခလေ့ထုံးတမ်းမတူ ဘာသာစကားကွဲပြားသူများအတွက် စီမံကိန်း ၂၀၂၅ နှစ်ပတ်လည် တိုးတက်မှု အစီရင်ခံစာ- အကျဉ်းချုပ်

## ဤအစီရင်ခံစာအကြောင်း

၂၀၂၄ခုနှစ် ဧပြီလ ၃၀ရက်နေ့တွင် နိုင်ငံတော် မသန်စွမ်းသူများ အာမခံဌာန (NDIA) မှ ခလေ့ထုံးတမ်းမတူ ဘာသာစကားကွဲပြားသူများအတွက် စီမံကိန်း၂၀၂၄-၂၀၂၈ကို ထုတ်ပြန်ခဲ့သည်။

၎င်းသည် ၂၀၂၄ခုနှစ် ဧပြီလ ၃၀ရက်မှ ၂၀၂၅ခုနှစ် ဧပြီလ ၃၀ရက်အထိ စီမံကိန်းနှင့် လုပ်ဆောင်ရန်အစီအစဉ်တွင် မိမိတို့၏ ရေတိုအကျိုးရလဒ်တိုးတက်မှုကို တင်ပြထားပါသည်။

ထိုအစီရင်ခံစာအပြည့်အစုံမှာ NDIA ဝဘ်ဆိုဒ်တွင် ရှိပါသည်။

## CALD မဟာဗျူဟာ

ဓလေ့ထုံးတမ်းမတူ ဘာသာစကားကွဲပြား (CALD) လူထုအသိုင်းအဝိုင်းများသည် သြစတြေးလျ လူ့အဖွဲ့အစည်းနှင့် ကိုယ်ပိုင်လက္ခဏာများအတွက် အရေးကြီးပါသည်။

CALD လူထုအသိုင်းအဝိုင်းမှ မသန်စွမ်းသူများသည် နိုင်ငံတော်မသန်စွမ်းမှုအာမခံအစီအစဉ် (NDIS) အကြောင်း လေ့လာခြင်း၊ ရယူခြင်းနှင့် အသုံးပြုခြင်းတို့တွင် ထူးခြားသောစိန်ခေါ်မှုများကို တွေ့ကြုံခံစားရသည်ကို သိရှိပါသည်။

ထိုစီမံကိန်းနှင့် လုပ်ဆောင်ရန်အစီအစဉ်တွင် CALD လူထုအသိုင်းအဝိုင်းမှ မသန်စွမ်းသူများနှင့် လက်တွဲလုပ်ဆောင်ခြင်းအတွက် မိမိတို့ထားရှိသောကတိကဝတ်ကို ဖော်ပြထားပါသည်။ မိမိတို့သည် ထိုသူများအား ဤအစီအစဉ်မှ ရရှိမည့် အကျိုးရလဒ်များကို အခြားမသန်စွမ်းသူများ နည်းတူ ရရှိစေရန် ကူညီပေးလိုပါသည်။

## ဤစီမံကိန်း၏ ရည်ရွယ်ချက်များသည်

- CALD လူထုအသိုင်းအဝိုင်းများအနေဖြင့် NDIS အား ရယူသုံးစွဲရာတွင် ပိုမိုလွယ်ကူစေရန်။
- NDIS အစီအစဉ်များတွင် CALD သုံးစွဲသူများ၏ လိုအပ်ချက်များကို ဖော်ပြရာတွင် ပိုမို ကောင်းမွန်စေရန်။
- CALD သုံးစွဲသူများအတွက် NDIS အတွေ့အကြုံကို ပိုမိုကောင်းမွန်စေရန်။

ဤစီမံကိန်းတွင် ဦးစားပေးကဏ္ဍ ၆ခု ရှိပါသည်-

**အခြေခံ အဆောက်အအုံ**

CALD သုံးစွဲသူများကို ပံ့ပိုးပေးရန်အတွက် မိမိတို့၏စနစ်များနှင့် လုပ်ငန်းစဉ်များကို မြှင့်တင်ခြင်း။

**ဝန်ထမ်း စွမ်းဆောင်ရည်**

သုံးစွဲသူများ၏ ဓလေ့ထုံးစံအရလိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်ရန် ဝန်ထမ်းများအား လေ့ကျင့်ပေးခြင်း။

## လွယ်ကူစွာလုပ်နိုင်သည့် ဆက်သွယ်ရေးများ

CALD လူထုအသိုင်းအဝိုင်းများအတွက် နှစ်သက်ရွေးချယ်လိုသောနည်းလမ်းဖြင့်သတင်းမျှဝေခြင်း။

## ဈေးကွက်များ

NDIS လုပ်ငန်းဆောင်ရွက်ပေးသူများသည် CALD သုံးစွဲသူများ၊ မိသားစုများနှင့် ပြုစုစောင့်ရှောက်သူများ၏ ဓလေ့ထုံးစံအရလိုအပ်ချက်များနှင့် ကိုက်ညီသော ဆောင်ရွက်ချက်များပေးခြင်း။

## အချက်အလက်များ

CALD သုံးစွဲသူများအတွက် ဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်လာစေရန် အချက်အလက် အသုံးပြုမှု ပိုမိုကောင်းမွန်စေခြင်း။

## လက်လှမ်းမမှီသည့်နေရာ

NDIS မရနိုင်သေးသော CALD လူထုအသိုင်းအဝိုင်းများနှင့် ချိတ်ဆက်၍ ပညာပေးနိုင်သော ဆောင်ရွက်ချက်များ။

# ဤတစ်နှစ်တာ ထူးခြားချက်များ

## NDIA CALD ပါဝင်စေရေးအစီအစဉ် ၂၀၂၄-၂၇

၂၀၂၄ မေလတွင် မိမိတို့သည် NDIA CALD ပါဝင်စေရေးအစီအစဉ် ၂၀၂၄-၂၇ကို ထုတ်ပြန်ခဲ့ပါသည်။ ၎င်းသည် မိမိတို့အား လူတိုင်းအတွက် အောက်ပါတို့ရရှိစေသော လုပ်ငန်းခွင်တစ်ခု ကူညီဖန်တီးပေးသည်-

- တန်ဖိုးထားမှု ခံစားရစေသည်
- ကိုယ်တိုင်အမှန်တကယ် အလုပ်လုပ်နိုင်ကြောင်း သိစေသည်။

ဤသည်မှာ ထိုစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ဝန်ထမ်းစွမ်းရည်မြှင့်တင်သော နည်းလမ်းဖြစ်ပါသည်။

ဤအစီအစဉ်တွင် ၂၀၂၄မှ ၂၀၂၇ခုနှစ်အတွင်း အကောင်အထည်ဖော်မည့် ဆောင်ရွက်ရန် ၂၈ ခု ရှိပါသည်။ ထိုဆောင်ရွက်ရန်များသည် အောက်ပါအထူးဂရုပြုနယ်ပယ် ၄ ခုနှင့် ချိန်ညှိထားပါသည်-

- ဓလေ့ထုံးစံဆိုင်ရာ ကျွမ်းကျင်မှုနှင့် ခေါင်းဆောင်မှု
- အားလုံးပါဝင်စေရေး အလေ့အထ
- အားလုံးပါဝင်စေရေး မူဝါဒနှင့် အလေ့အကျင့်များ
- အသက်မွေးဝမ်းကျောင်းတည်ဆောက်မှုနှင့် တိုးတက်မှု

မိမိတို့သည် အရေးကြီးလုပ်ဆောင်ချက်များစွာကို လုပ်ဆောင်ခဲ့ပြီး အခြား လုပ်ဆောင်ချက်များကို စတင်ခဲ့ပါသည်။

## CALD ရုံးတွင်းနှင့် ရုံးပြင်ပ အကြံပေးအဖွဲ့များ

မိမိတို့သည် ရုံးပြင်ပအကြံပေးအဖွဲ့ကို ဖွဲ့စည်းထားပါသည်။ ဤသို့အားဖြင့် CALD နောက်ခံရှိ မသန်စွမ်းသူများ၏အသံများကို ကြားသိပြီး အသိအမှတ်ပြုကြောင်း သေချာစေပါသည်။

- ထိုအဖွဲ့ဝင်များတွင် CALD နောက်ခံရှိ မသန်စွမ်းသူများ၏ လိုအပ်ချက်များကို အတွေ့အကြုံရှိသူများ သို့မဟုတ် သိရှိသူများ ပါဝင်သည်။
- ဤအဖွဲ့သည် တစ်လလျှင် နှစ်ကြိမ် တွေ့ဆုံပါသည်။

မိမိတို့သည် CALD ရုံးတွင်းအကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းထားပါသည်။ ၎င်းသည် စီမံကိန်း လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရန် အကူအညီနှင့် ပံ့ပိုးမှုများကို ပေးဆောင်ပါသည်။

အောက်ပါအဖွဲ့ဝင်များ ပါဝင်သည်-

- NDIA CALD အတွက် ရပ်တည်ဆောင်ရွက်သူ
- အကြီးတန်းအထူးလုပ်ငန်းဆိုင်ရာ ဝန်ထမ်းများ
- အစီအစဉ် ပြုပြင်ပြောင်းလဲမှုများကို ရေးဆွဲပေးပို့ပေးသော စီမံသူများ

## လူထုအသိုင်းအဝိုင်းများနှင့် ထိတွေ့ဆက်ဆံလှုပ်ရှားမှုများ

၂၀၂၅ခုနှစ် ဧပြီလ ၃၀အထိ ၁၂လကြာ ကာလအတွင်း၊ မိမိတို့သည် လူထုအသိုင်းအဝိုင်းများ၊ ပင်မ အဓိကလုပ်ငန်းများနှင့်အတူ ဆောင်ရွက်မှုပေါင်း ၁၉၂ခု ပြုလုပ်ခဲ့ပါသည်။ မိမိတို့သည် သက်ဆိုင်သူ ၂,၂၀၀ခန့်နှင့်လည်း ချိတ်ဆက်မိပါသည်။

ဤဆောင်ရွက်ချက်များသည် CALD လူထုအသိုင်းအဝိုင်းတွင် NDISနှင့်ပတ်သက်သော သတင်း များကို မြှင့်တင်ပေးခဲ့ပါသည်။ ထိုရည်မှန်းချက်များမှာ CALDနောက်ခံရှိ မသန်စွမ်းသူများအား အောက်ပါတို့ကို ကူညီရန်ဖြစ်သည်-

- NDIS ရရှိနိုင်ရေး
- မသန်စွမ်းမှု အထောက်အပံ့များကို အသုံးပြုနိုင်ရေး။

ဥပမာတစ်ခုအနေဖြင့် မိမိတို့သည် Refugee Health Network of Australia နှင့် အလုပ် လုပ်ခဲ့သည်။ NDIS လုပ်ငန်းစဉ်များကို လူအများ သိရှိနားလည်စေပြီး ၎င်းတို့သည် ကျန်းမာရေး စနစ်နှင့် မည်သို့အလုပ်လုပ်ပုံကို ကူညီပေးရန်အတွက် အစည်းအဝေးများကို ပြုလုပ်ခဲ့ပါသည်။

ဤဆွေးနွေးပွဲများသည် ကျန်းမာရေးပညာရှင်များကို အောက်ပါအတိုင်း အထောက်အကူ ဖြစ်စေသည်-

- NDIS ကို မည်သို့ ရယူနိုင်သည်ကို လူအများအား ပြသရန်
- ၎င်းတို့သည် CALD နောက်ခံရှိမသန်စွမ်းသူများထံသို့ ဓလေ့ထုံးစံအရ သင့်လျော်သော သတင်းနှင့် ပံ့ပိုးမှုများကို ပေးအပ်ကြောင်း သေချာစေရန်။

# စီမံကိန်း အကောင်အထည်ဖော်ခြင်း

## NDIS ပြုပြင်ပြောင်းလဲမှုများ

၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် NDIS ဥပဒေအသစ်များ (*National Disability Insurance Scheme Amendment [Getting the NDIS Back on Track No.1] Act*) သည် စတင်အသက်ဝင်ခဲ့ပါသည်။ CALD စီမံကိန်းနှင့် လုပ်ဆောင်ရန်အစီအစဉ်ကို အေဂျင်စီမှ ထုတ်ပြန်ပြီးနောက် စတင်အသက်ဝင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤဥပဒေအသစ်များအရ လာမည့် ၅ နှစ်တာကာလအတွင်း NDIS ၏ ကြီးမားသော ပြုပြင်ပြောင်းလဲမှုများ ဖြစ်လာနိုင်ပါသည်။ ဤပြုပြင်ပြောင်းလဲမှုများကို ပူးတွဲရေးဆွဲခြင်းနှင့် ထုတ်ဝေခြင်းသည် မိမိတို့၏ ဦးစားပေးလုပ်ငန်းဖြစ်သည်။

ဤပြုပြင်ပြောင်းလဲမှုများသည် CALD စီမံကိန်းနှင့်အတူ စိန်ခေါ်မှုအချို့ကို ဖန်တီးပေးပါသည်။ သို့သော် ၎င်းတို့သည် နောင်တွင် မိမိတို့လုပ်ဆောင်လိုသောNDIS ကို ရေးဆွဲရာတွင် CALD သုံးစွဲများ၏ လိုအပ်ချက်များကို ထည့်သွင်းရန် အခွင့်အရေးတစ်ခုလည်း ဖြစ်ပါသည်။

## မိမိတို့ လုပ်ဆောင်နေသည်များ

- မိမိတို့သည်CALD လူထုအသိုင်းအဝိုင်းမှ မသန်စွမ်းသူများနှင့် သုံးစွဲသူများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားနိုင်မည့် ပြုပြင်ပြောင်းလဲမှုများ လိုအပ်ပါသည်။
- မိမိတို့သည် CALD စီမံကိန်းအမြင်နှင့် ကိုက်ညီစေရန် အပြောင်းအလဲများကို ရေးဆွဲ အသုံးပြုပါမည်။
- မိမိတို့သည် စီမံကိန်းလုပ်ဆောင်ရန်များကို မည်သို့အကောင်အထည်ဖော်ရသည်ကို ပြန်လည်သုံးသပ်နေပါသည်။
- မိမိတို့သည် လွန်ခဲ့သော ၁၂လအတွင်း CALD စီမံကိန်းနှင့် လုပ်ဆောင်ရန်အစီအစဉ်၏ အတွေ့အကြုံအရ လုပ်ဆောင်ရန်အချို့ကို ပြန်လည်ပြင်ဆင်နိုင်ပါသည်။
- ဤသုံးသပ်ချက်အတွက် မိမိတို့သည် CALD ရုံးပြင်ပအကြံပေးအဖွဲ့ ရုံးတွင်းအကြံပေး အဖွဲ့နှင့်အတူ လက်တွဲဆောင်ရွက်ပါမည်။
- မိမိတို့သည် အကျိုးရလဒ်များကို မျှဝေပါမည်။

## အစိုးရနှင့်အတူ ဆောင်ရွက်ခြင်း

အချို့ဆောင်ရွက်ချက်များအတွက် မိမိတို့သည် အစိုးရဌာနများ၊ အေဂျင်စီများနှင့် လက်တွဲ ဆောင်ရွက်ပြီး အောက်ပါတို့ ပါဝင်ပါသည်။

- NDIS အရည်အသွေးနှင့် အကာအကွယ်ပေးရေးကော်မရှင် (NDIS ကော်မရှင်)
- လူမှုရေးလုပ်ငန်းဌာန။
- ပြည်ထဲရေးဝန်ကြီးဌာန။

၎င်းတို့၏ မတူညီသော အလုပ်အစီအစဉ်များနှင့် အရင်းအမြစ်များအရ အချို့လုပ်ဆောင်ရန် များသည် လုပ်ဆောင်ရန်အစီအစဉ်ထက် နောက်ကျပြီးမှ စတင်ခဲ့ရပါသည်။

CALD လူထုအသိုင်းအဝိုင်းများ၊ အစိုးရနှင့် လုပ်ဆောင်ခဲ့သည့် အတွေ့အကြုံများကို လေ့လာရန် Services Australia နှင့် တွေ့ဆုံခဲ့ပါသည်။

မိမိတို့သည် လုပ်ဆောင်ရန်များ တိုးတက်မှုနည်းလမ်းရှာဖွေရန် အခြားအစိုးရအာဏာပိုင်များနှင့် ဆက်လက်လုပ်ဆောင်သွားပါမည်။

## လုပ်သားအင်အားနှင့် ဈေးကွက်ပြတ်တောက်မှုများ

Auslan အပါအဝင် ဘာသာစကားများစွာအတွက် နိုင်ငံလုံးဆိုင်ရာ အသိအမှတ်ပြုစကားပြန်များ ပြတ်လပ်မှုကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း တွေ့ရှိခဲ့ပါသည်။ ၎င်းသည် NDIS ရယူနိုင်ခြင်း နှင့် NDIS အစီအစဉ်များကို အသုံးပြုခြင်းအတွက် အတားအဆီးများ ဖြစ်စေသည်ကို သိရှိပါသည်။

NDIA သည် ဤလုပ်သားအင်အားအရွယ်အစားကို ပြောင်းလဲနိုင်ရန်အတွက် ကန့်သတ်မှုများ ရှိပါသည်။ သို့သော် လက်ရှိ စကားပြန်လုပ်သားအင်အားအနေဖြင့် NDIS ကို နားလည်အောင် မည်သို့ကူညီပေးရမည်ကို ဆက်လက် စောင့်ကြည့်သွားပါမည်။

# တိုးတက်မှုအနှစ်ချုပ်

ဤနှစ်ပတ်လည်အစီရင်ခံစာသည် CALD စီမံကိန်းနှင့် လုပ်ဆောင်ရန်အစီအစဉ်အရ ရေတိုအကျိုးရလဒ်တိုးတက်မှုကို ၂၀၂၅ ခုနှစ် ဧပြီလ ၃၀ရက်နေ့တွင် ပြသထားသည်။ ၎င်းတို့သည် စီမံကိန်း၏ ပထမ ၂နှစ်တွင် မိမိတို့ရောက်ရှိလိုသော ပန်းတိုင်များ ဖြစ်ပါသည်။

CALD လုပ်ဆောင်ရန်အစီအစဉ်ပါ လုပ်ဆောင်ရန် ၂၈ ခုမှ ရရှိလာသော အကျိုးရလဒ်များ-

- မိမိတို့သည် ၁ခု ပြီးစီးခဲ့ပါသည်။
- မိမိတို့သည် ၁၅ခု စတင်ခဲ့ပါသည်။
- မိမိတို့သည် ၁၂ခု စတင်ရန် ရှိပါသေးသည်။

ထို[ဝဘ်ဆိုက်]ရှိ အစီရင်ခံစာ အပြည့်အစုံတွင် လုပ်ဆောင်ရန်တိုင်းအတွက် အဆင့်မြှင့်တင်မှုများ ရှိပါသည်။

အောက်ပါတို့ကိုသိရှိနိုင်ရန် www.ndis.gov.au/strategies/cultural-and-linguistic-diversity-strategy သို့ ဝင်ရောက်ကြည့်ရှုပါ။

- CALD စီမံကိန်း ၂၀၂၄-၂၀၂၈
- CALD စီမံကိန်း လုပ်ဆောင်ရန်အစီအစဉ်
- ၂၀၂၅ CALD စီမံကိန်း နှစ်ပတ်လည် အစီရင်ခံစာ